သင်လောကီနှင့်ပတ်သတ်၍ မက်မောတပ်မက်စိတ်ကို

စွန့်လွှတ်ပါက အလ္လာဟ်အရှင်မြတ်က သင့်အား

ချစ်မြတ်နိုးတော်မူမည်။ လူတို့ထံ ရှိသောအရာများ (ဂုဏ်၊စည်းစိမ်၊ ချီးမွမ်းမှု) ကို မက်မောတပ်မက်စိတ်ကိုစွန့်လွှတ်ပါက လူတို့က သင့်အား

ချစ်ခင်မြတ်နိုးကြလိမ့်မည်။

အဘူလ်အဗ္ဗားစ် စဟလ် ဗင်န် စအ်ဒ် အတ်စ်စာအိဒီ ( ရဿွိယလ္လာဟုအန်ဟု )က
ဆင့်ပြန်ပြောကြားခဲ့သည်။ လူတစ်ဦးသည် တမန်တော်မြတ် ( ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်
)ထံသို့ လာရောက်၍ လျှောက်ထားသည်မှာ - အို အလ္လာဟ်ရဲ့ ရစူလ် ကျွန်တော်မျိုးအား ( ဤသို့ ) အမလ်တစ်ခုကိုညွှန်ပြတော်မူပါ။ ထိုအမလ်ကို ကျွန်တော်မျိုး
လုပ်ခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်လည်း ကျွန်တော်မျိုးကို
ချစ်ခင်နှစ်သက်တော်မူမယ်။ လူတို့လည်း ချစ်ခင်နှစ်သက်ကြမယ်။ ထိုအခါ
ကိုယ်တော်မြတ်က မိန့်ကြားတော်မူသည်မှာ - " သင်လောကီနှင့်ပတ်သတ်၍
မက်မောတပ်မက်စိတ်ကို စွန့်လွှတ်ပါက အလ္လာဟ်အရှင်မြတ်က သင့်အား
ချစ်မြတ်နိုးတော်မူမည်။ လူတို့ထံ ရှိသောအရာများ (ဂုဏ်၊ စည်းစိမ်၊ ချီးမွမ်းမှု)
ကို မက်မောတပ်မက်စိတ်ကို စွန့်လွှတ်ပါက လူတို့က သင့်အားချစ်ခင်မြတ်နိုးကြလိမ့်မည်။"
[قال النووي: حديث حسن] [رواه ابن ماجه وغيره بأسانيد حسنة]

ပုဂ္ဂိုလ်တစ်ဦးက အလ္လာဟ်အရှင်မြတ်လည်း ချစ်ခင်နှစ်သက်တော်မူပြီ၊ လူသားတို့ကလည်းချစ်ခင်နှစ်သက်စေမည့် အမလ်ကျင့်ရပ်တစ်ခုကို ညွှန်ကြားပြသတော်မူရန် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံမေးမြန်းခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ၎င်းအား ဤသို့ မိန့်ကြားတော်မူခဲ့သည်။ "အသင်သည်ဤလောကီ၏ ပိုလျှံသော ဥစ္စာပစ္စည်းများနှင့် နောင်တမလွန်ဘဝတွင် အသင့်အား အကျိုးမပေးသောအရာများကို စွန့်လွှတ်မည်၊ ထို့ပြင် အသင်၏ ဒီန်(သာသနာ)အတွက်ဘေးအန္တရာယ်ဖြစ်စေနိုင်သော အရာများကိုလည်း စွန့်လွှတ်‌မည်ဆိုပါက အလ္လာဟ်အရှင်မြတ်ကအသင့်အား ချစ်ခင်နှစ်သက်တော်မူပေမည်။ ထို့ပြင် အသင်သည် လူတို့၏ လက်ဝယ်ရှိလောကီစည်းစိမ်ဥစ္စာများအပေါ် မက်မောတပ်မက်စိတ်ထားပါက လူတို့သည် အသင့်အားချစ်ခင်ကြလိမ့်မည်။ အဘယ်‌ကြောင့်ဆိုသော်လူသားတို့သည် မိမိတို့၏ ပင်ကိုယ်သဘာဝအလျောက်လောကီစည်းစိမ်များကို ချစ်မြတ်နိုးကြ၏။ သို့ဖြစ်၍ မည်သူမဆိုထိုစည်းစိမ်ဥစ္စာများအတွက် ၎င်းတို့နှင့် ယှဉ်ပြိုင်လျှင် ၎င်းတို့က ထိုသူ့အားမုန်းတီးကြလိမ့်မည်။ သို့ရာတွင် မည်သူမဆို ထိုစည်းစိမ်ဥစ္စာများကို ၎င်းတို့အတွက်စွန့်လွှတ်ပေးလျှင် ၎င်းတို့က ထိုသူ့အား ချစ်ခင်ကြလိမ့်မည်။

http://www.sunnah.global/hadeeth/my/show/4307